# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 27, 2019 Volume 26, Number 18


## ၂၇.၁၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၀/-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၀/- ကျပ် |
| CBM Rate | = ၁၄၉၃.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၂.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၅.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၉၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၅၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဆက်လက်အားကောင်းလာမည့် အာမခံဈေးကွက်




အာမခံကဏ္ဍသည် ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွင်း အကြီးမားဆုံး အပြောင်းအလဲဖြစ်ခဲ့သောကဏ္ဍတစ်ခုဖြစ်သည်။ ၂၀၁၉ နှစ်ဆန်းတွင် အစိုးရသည် ပြည်တွင်းအာမခံဈေးကွက်အတွင်း နိုင်ငံခြားအာမခံလုပ်ငန်းများ ဝင်ရောက် လုပ်ကိုင်နိုင်ရန် မီးစိမ်းပြခဲ့သည်။ ဘဏ္ဍာရေးကဏ္ဍတွင် တစ်ခု အပါအဝင် ဖြစ်သော အာမခံနယ်ပယ်အတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန် ဖြေလျှော့ခဲ့သော ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ ရက်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ရာနှုန်းပြည့် နိုင်ငံခြား အသက်အာမခံ လုပ်ငန်းငါးခုနှင့် ဖက်စပ်အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းခြောက်ခုတို့ကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ အသီးသီးပေးခဲ့ပြီးဖြစ်ရာ အာမခံလုပ်ငန်းများအနေဖြင့် ဝန်ဆောင်မှုများ စတင်ပေးနိုင်ကြပြီဖြစ်သည်။

ဗြိတိန်မှ Prudential၊ ဂျပန်မှ Daiichi Life၊ ဟောင်ကောင်မှ AIA၊ အမေရိကန်မှ Chubb နှင့် ကနေဒါမှ Manulife တို့သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အသက်အာမခံလုပ်ငန်းများကို လုပ်ကိုင်မည်ဖြစ်သည်။ ထို့ပြင် Capital Life – Taiyo Life အာမခံ၊ Citizen Business – Thai Life အာမခံနှင့် Grand Guardian Life – Nippon Life အာမခံတို့က ပြည်တွင်း – ပြည်ပဖက်စပ်အသက်အာမခံလုပ်ငန်းများ အနေဖြင့်လုပ်ကိုင်မည်ဖြစ်သည်။ AYA Myanmar – Sompo Japan Nipponkoa အာမခံ၊ Grand Guardian General Insurance – Tokio Marine & Nichido Fire Insurance အာမခံနှင့် IKBZ – Mitsui Sumitomo အာမခံတို့က ဖက်စပ် အထွေထွေ အာမခံလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြမည်ဖြစ်သည်။ ''ဖြေလျှော့မှုများ ပြုလုပ်ခြင်းကြောင့် ဈေးကွက်မှာ ယှဉ်ပြိုင်မှုတွေ များပြားလာမယ်။ ယှဉ်ပြိုင်မှုများပြားတာကနေ အာမခံအသိပညာဖြန့်ဝေမှုတွေ ပိုမိုကျယ်ပြန့်လာမယ်။ ဒါတွေကြောင့် အာမခံဖြန့်ကြက် ထိုးဖောက်နိုင်မှုမြင့်တက်လာမယ်။ ဈေးကွက်ပုံစံအသစ်ကြောင့်

လာမယ့်နှစ်အနည်းငယ်မှာ အာမခံနယ်ပယ်က ပိုမိုတိုးတက်တဲ့ကဏ္ဍကြီးတစ်ခုဖြစ်လာမှာပါ''ဟု AYA Myanmar မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမင်းသူကပြောသည်။ ယခုအခါတွင် တရားဝင်အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ချထားပေးလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် နိုင်ငံခြားအသက် အာမခံလုပ်ငန်းအချို့သည် လုပ်ငန်းများစတင်ဆောင်ရွက် လာပြီဖြစ်သလို ပြည်တွင်း၊ နိုင်ငံခြားဖက်စပ်အာမခံလုပ်ငန်းအသီးသီးသည်လည်း အသစ်တစ်ဖန် လုပ်ငန်းမိတ်ဆက်ခြင်းများကို ဆောင်ရွက်ကြသည်။ နိုင်ငံ၏အာမခံကဏ္ဍသည် နှစ်ပေါင်းများစွာ နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်း၏ ဝန်ဆောင်မှုတစ်ခုတည်းသာ ရှိခဲ့သည်။ အာမခံကဏ္ဍ၏ ပထမဦးဆုံး ပြုပြင်ပြောင်းလဲမှုအဖြစ် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိက အာမခံလုပ်ငန်း ၁၁ ခုကို အာမခံဝန်ဆောင်မှုများပေးရန် ခွင့်ပြုပေးခဲ့သည်။ နောင် ငါးနှစ်ကျော်အချိန်တွင် ထပ်မံ၍ပြုပြင်ပြောင်းလဲမှုကြီးတစ်ရပ်အဖြစ် နိုင်ငံခြားအာမခံလုပ်ငန်းများကို ပြည်တွင်းဈေးကွက်အတွင်း ဝင်ရောက်ရန်ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံတွင် အာမခံထားရှိမှုသည် လူဦးရေ သန်း ၅၀ ကျော်တွင် နှစ်သန်းခန့်သာရှိသည်ဟု အာမခံနယ်ပယ်မှ ခန့်မှန်းကြသည်။ အာမခံဈေးကွက် ထိုးဖောက် ဖြန့်ကြက်နိုင်မှုသည် ဂျီဒီပီ၏ သုညဒသမ ၁ ရာခိုင်နှုန်းအောက်သာရှိသည်ဟု ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံ၏ အာမခံဈေးကွက်ဖြန့်ကြက်နိုင်မှုသည် ဒေသတွင်း နိုင်ငံဈေးကွက်များနှင့် နှိုင်းယှဉ်ပါကလည်း နိမ့်ပါးလျက်ရှိနေသေးသည်။ ''လတ်တလော အာမခံလုပ်ငန်းဈေးကွက် ထိုးဖောက်နိုင်မှုက အရမ်းနည်းပါတယ်။ ဒါပေမဲ့ အမှန်တကယ်ကောင်းမွန်တဲ့ အာမခံဝန်ဆောင်မှုတွေ၊ ပြည်သူတွေကို အသိပညာပေးနိုင်တဲ့ အာမခံလုပ်ငန်း အတတ်ပညာရှင်တွေ လုံလုံလောက်လောက် မွေးထုတ်နိုင်မယ်ဆိုရင် နောင် ၁၀ နှစ်အတွင်း ဈေးကွက်ထိုးဖောက်မှု ငါးရာခိုင်နှုန်းထိ တိုးလာနိုင်ဖို့ မျှော်လင့်ထားပါတယ်''ဟု IKBZ Insurance မှ လက်ထောက်အုပ်ချုပ်မှု ဒါရိုက်တာ Anil Mancham က ပြောသည်။ နိုင်ငံလူဦးရေ၏ တစ်ရာခိုင်နှုန်းခန့်သာ အာမခံနှင့်ထိတွေ့မှုရှိသည့်အတွက် ကျန်ရှိသော လူဦးရေအများအပြားအပေါ် အာမခံမိတ်ဆက်ပေးရန် လိုအပ်လှသေးသည့်အတွက် ဈေးကွက်အရွယ်အစားသည် ရင်းနှီးမြှုပ်နှံသူများအတွက် မျက်စိကျစရာဖြစ်သည်။ ထို့ကြောင့် အစိုးရသည် နိုင်ငံ့ဂျီဒီပီ၏ တစ်ရာခိုင်နှုန်းအောက်သာရှိသော အာမခံကဏ္ဍကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် လမ်းဖွင့်ပေးခြင်းဖြင့် အာမခံကဏ္ဍမြင့်တင်ရေးကိုဆောင်ရွက်ရန် အဓိကရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပုဂ္ဂလိကအာမခံအချို့ကိုပိုင်ဆိုင်သည့် မူရင်းဘဏ္ဍာရေး လုပ်ငန်းအဖွဲ့အစည်းများသည် အာမခံလုပ်ငန်းများ မဆောင်ရွက်မီကပင် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအခါတွင် ဘဏ်လုပ်ငန်းနှင့်အာမခံလုပ်ငန်းနှစ်ရပ်စလုံးကိုပိုင်ဆိုင်သော အဆိုပါဘဏ္ဍာရေးအဖွဲ့ အစည်းများသည် နိုင်ငံအတွင်း အားကောင်းစွာ ခြေကုပ်ယူထားသော ဘဏ်ခွဲများကို အခြေခံ၍ အာမခံဝန်ဆောင်မှုများကိုတိုးချဲ့ရန် ခြေလှမ်းအသီးသီးပြင်လျက် ရှိသည်။ AYA Myanmar အာမခံနှင့် IKBZ အာမခံတို့သည် ၎င်းတို့၏ နောက်ခံဘဏ္ဍာရေးအဖွဲ့အစည်းများပိုင်ဆိုင်သည့် ဘဏ်ခွဲများနှင့် မိတ်ဖက်ဘဏ်ခွဲများကို အသုံးချ၍ Bancassurance (ဘဏ်မှတစ်ဆင့် ဝယ်ယူလို့ရသော အာမခံဝန်ဆောင်မှု) လမ်းကြောင်းများတည်ဆောက်ရန် အဓိကအာရုံစိုက်မည်ဖြစ်သည်။ AYA Myanmar အာမခံအနေဖြင့်လည်း Bancassurance ကို အာရုံစိုက်၍ ဈေးကွက်ကိုထိုးဖောက်မည်ဟု AYA Myanmar အာမခံမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမင်းသူကပြောသည်။ ယခုအချိန်သည် နိုင်ငံခြားအာမခံများ၊ ဖက်စပ်အာမခံများနှင့် ပြည်တွင်း အာမခံတို့သည် ဝန်ဆောင်မှုအမျိုးမျိုး၊ ရောင်းချမည့် နည်းလမ်းအသွယ်သွယ်တို့ဖြင့် ဈေးကွက်အတွင်း အပြိုင်အဆိုင် စတင်မိတ်ဆက်နေကြပြီဖြစ်ရာ အာမခံထားရှိမည့်သူများ အတွက်မူ ရွေးချယ်ရန် ခေါင်းကိုက်ရတော့မည့်အချိန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အာမခံကဏ္ဍအနေဖြင့်မူ ရေရှည်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသည့် ခြေလှမ်းသစ်တစ်ခု စတင်လှမ်းလာခဲ့ပြီဟု ဆိုရမည်။ ''ဒီကဏ္ဍရဲ့ စိန်ခေါ်မှုက လုပ်ငန်းကျွမ်းကျင်မှုတွေ၊ အသိပညာတွေ၊ ထုတ်ကုန်ပိုင်းမှာ ကိုယ့်ဘာသာ အသစ် မလုပ်နိုင်တာတွေ၊ ဖြန့်ဖြူးရေးပိုင်းတွေ၊ ဘက်စုံအခက်အခဲတွေဖြစ်ခဲ့တယ်။ အခုချိန်မှာတော့ နိုင်ငံခြားနဲ့ ဖက်စပ်လုပ်နိုင်ပြီဖြစ်တဲ့အတွက် ဒီအခက်အခဲတွေရဲ့ ၈၀ ရာခိုင်နှုန်းက ပြေလည်သွားပြီ ပြောလို့ရပါတယ်။ ဒါကြောင့် ကိုယ့်အာမခံလုပ်ငန်းဘက်ကလည်း စနစ်တကျဖြစ်လာသလို အစိုးရပိုင်းဘက်ကလည်း မြန်မြန်ဆန်ဆန်ပံ့ပိုးမှုသာရမယ်ဆိုရင် ဒီကဏ္ဍဟာ တကယ်ကို အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန်ဖွံ့ဖြိုးသွားပါမယ်''ဟု မြန်မာနိုင်ငံအာမခံအသင်းမှ အတွင်းရေးမှူး ဦးသောင်းဟန်က ပြောသည်။

အာမခံ၏ သဘောသဘာဝသည် အနာဂတ်အတွက် မှန်းဆမရနိုင်သော အန္တရာယ်များကို ကြိုတင်အကာအကွယ် ယူခြင်းဖြစ်ရာ အများပြည်သူအနေဖြင့် မိမိတို့၏တစ်ဦးချင်းသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအတွက်သော် လည်းကောင်း အာမခံအကာအကွယ်ယူခြင်းဖြင့် တစ်ဦးချင်း လူမှုစီးပွားလုံခြုံမှု၊ လုပ်ငန်းအစုအဖွဲ့၏ စီးပွားအကာအကွယ်ဖြစ်မှုတို့ဖြင့် မှန်းဆမရနိုင်သော အန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်လာချိန်တွင် အခြေမပျက်ဘဲ ဆက်လက်ရှင်သန် နိုင်မည်ဖြစ်သည်။ ထို့ပြင် အာမခံနယ်ပယ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံတော်ဘဏ္ဍာငွေ အသုံးစရိတ်များအတွက် ထောက်ပံ့မှုကြီးစွာ ပေးနိုင်သည်။ အများပြည်သူမှထားရှိသော အာမခံပရီမီယံများဖြင့် အာမခံလုပ်ငန်းများသည် အစိုးရမှဘဏ္ဍာငွေကြေး လိုအပ်ချက်အတွက် လေလံစနစ်ဖြင့် ထုတ်ရောင်းသော အစိုးရငွေတိုက်စာချုပ်များနှင့် အစိုးရငွေတိုက်လက်မှတ်များကို ဝယ်ယူထားခြင်းဖြင့် အစိုးရဘဏ္ဍာငွေကြေးအတွက် အထောက်အပံ့ကြီးကြီးမားမားဖြစ်စေသည်။ ထို့ကြောင့် အာမခံကဏ္ဍ ဖွံ့ဖြိုးရေးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဘဝလုံခြုံစိတ်ချမှုမှသည် နိုင်ငံ၏ဘဏ္ဍာအင်အားအတွက်ပါ အရေးကြီးသည့်တွက် အာမခံကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်လာပါက နိုင်ငံ၏စီးပွားရေးအတွက် အရေးကြီးသော မောင်းနှင်အားဖြစ်လာမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/132948.html

## ၂၀၂၀ တွင် အမည်ပေါက် အခွန်ဆောင်ရမည်ဖြစ်၍ မှတ်ပုံတင်မည့်ယာဉ်များ ကြိုတင်တန်းစီ




၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ယာဉ်အမည်ပေါက် အခွန်ပေးဆောင်ရမည်ဖြစ်၍ ယာဉ်မှတ်ပုံတင် လုပ်ဆောင်မည့်ယာဉ်များ အနေဖြင့် သတ်မှတ်ရက်မတိုင်မီ လုပ်ငန်းလုပ်ဆောင်ရန် မြင်သာ–ကညနရုံးရှေ့၌ တန်းစီစောင့်ဆိုင်းမှုများပြားနေကြောင်း ယာဉ်မှတ်ပုံတင် လုပ်ငန်းများ လုပ်ဆောင်နေသူတချို့က ပြောသည်။

ယာဉ်အမည်ပြောင်းအခွန်ကို ယခင်က ၁၅ ရာခိုင်နှုန်းကောက်ခံနေရာမှ ၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ ၂၅ အရ ယာဉ်အမည်ပြောင်း အခွန်သုံးရာခိုင်နှုန်းအထိ လျှော့ချလိုက်သော်လည်း ယာဉ်အမည်ပြောင်း အခွန်မဆောင်လို၍ ဒီဇင်ဘာ ၂၇ ရက်နှင့် ၃၀ ရက်အထိ ရုံးဖွင့်ရက်များအတွက် ယာဉ်သက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းလုပ်ဆောင်ရန် တန်းစီစောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ "၂၀၂၀ ဇန်နဝါရီ ၁ ရက်ကစပြီး ယာဉ်အမည်ပြောင်းတာ အခွန်ဆောင်ပြီး လုပ်ဆောင်ရမယ်ဆိုလို့ အမည်ပြောင်းအခွန်ဆောင်ရမှာစိုးလို့ ဒီနေ့ကတည်းက ကားတွေ ကြိုပြီးတန်းစီတာပါ။ အဓိက ကတော့ အခွန်ရှောင်ကြတာပေါ့။ ယာဉ်အမည်ပြောင်းတာ သိန်း ၂၀၀ တန်ကားတစ်စီးကို သုံးသိန်းခွဲ လောက်ကျမယ်ဆိုတော့မဆောင်ချင်ဘူး။ ကားတစ်စီး ကျပ်၅၀၄၀၀၀ လောက်ဆို ဘယ်သူမှ အခွန်ရှောင်ကြမှာမဟုတ်ဘူး။ ယာဉ်ပိုင်ရှင် အမည်မှန်ကန်ရမယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ကားတန်ဖိုးအလိုက် အခွန်ဆောင်ရမယ်ဆိုတော့ စီးပွားရေးကလည်း မကောင်းတော့ ဘယ်သူမှ အမည်ပြောင်းခွန် မဆောင်ချင်ကြဘူးလေ" ဟု ယာဉ်မှတ်ပုံတင်လုပ်ငန်းလာရောက်လုပ်ဆောင်သူ တစ်ဦးကပြောသည်။ လာမည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးပြုလုပ်ရာတွင် ယာဉ်ပိုင်ရှင်အမည်ပေါက် နေရပ်လိပ်စာ မှန်ကန်ရေးအတွက် အမည်ပြောင်းခွန်ပေးဆောင်ပြီးမှသာ လုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း ကညနက ကြေညာထားသည်။

**Source:** https://myanmar.mmtimes.com/news/132939.html

## လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ခုနစ်ရာခိုင်နှုန်းခန့်သာရှိနေပြီး လာမည့်နှစ်များတွင် ရှစ်ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြားအထိ မြင့်တက်လာစေရန် ဆောင်ရွက်သင့်ဟုဆို



လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ခုနစ်ရာခိုင်နှုန်းခန့်သာရှိနေပြီး စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန် လာမည့်နှစ်များတွင် ရှစ်ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြားအထိ မြင့်တက်လာစေရန် ဆောင်ရွက်သင့်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်လတ်က ပြောကြားသည်။ "၂၀၁၉ မှာ ကမ္ဘာ့ဘဏ်ရဲ့ တကယ်တရားဝင် ကြေညာတဲ့နှုန်းထားကလည်း ပိုတက်လာတယ်။ တက်တဲ့နှုန်းထားက ဆက်တက်မယ်လို့ ကျွန်တော်မြင်တယ်။ ကျွန်တော်တို့မှာ တက်စရာအများကြီးရှိတယ်။ Economic Growth Rate က GDP နှုန်းထားတွေက နောက်ထပ်တိုးနိုင်ဖွယ်ရာရှိတယ်။ လက်ရှိကမ္ဘာ့ဘဏ်ရဲ့ ထုတ်ပြန်ချက်အရ ခြောက်ရာခိုင်နှုန်းနဲ့ ခုနစ်ရာခိုင်နှုန်းကြားမှာရှိတယ်။ အဲဒီနှုန်းထားက ဒေသတွင်း အာဆီယံမှာဆို တော်တော်မြင့်တယ်။ ဒါပြောလို့ရတာက တိုးတက်ပြီးသားနိုင်ငံက ထပ်တိုးတက်ဖို့ဆိုတာ နှုန်းထားနဲ့တိုင်းလို့မရဘူး။ ကျွန်တော်တို့နိုင်ငံကျတော့ တိုးတက်ဖို့အတွက်ကျတော့ နှုန်းထားမြင့်မှရမှာမယ်။ အခုလက်ရှိ ခုနစ်ရာခိုင်နှုန်း အဲဒီထက်မြင့်ရင် ပိုသင့်တော်မယ်လို့ထင်တယ်။ ကျွန်တော့်အမြင်ကတော့ ခုနစ်ရာခိုင်နှုန်းနဲ့ အထက် ရှစ်ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းဝန်းကျင်ဆို Economic Growth Rate ပိုကောင်းလာမယ်လို့မြင်တယ်။ လက်ရှိမှာက စီးပွားရေးရှုထောင့်က ကြည့်မယ်ဆိုရင် မှန်ကန်တဲ့လမ်းကြောင်းတစ်ခုနဲ့ သွားနေတယ်လို့ မြင်တယ်။ အရှိန်လေးမပျက်ဖို့ပဲလိုတယ်။ ကျွန်တော်တို့ အရှိန်ရနေပြီဆိုတဲ့ သဘောရှိတယ်။ တစ်ခုခု အနှောင့်အယှက်ကြောင့် ဒီအရှိန်လေး ပျက်ခဲ့မယ်ဆိုရင်တော့ အန္တရာယ်ရှိတယ်။ ဒီအရှိန်လေးကို ထိန်းနိုင်မယ်ဆိုရင် နောက်ပိုင်းတိုးတက်မှုလည်းမြင်ပါတယ်" ဟု ဒေါက်တာတင်လတ်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၌ အလားအလာကောင်းများသည့် ကဏ္ဍများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်ကြောင်း၊ ယင်းကဏ္ဍများမှတစ်ဆင့် ပြည်ပသွင်းကုန်အစားထိုး တန်ဖိုးမြင့်စားသောက်ကုန်လုပ်ငန်းများသည် အဓိက အလားအလာကောင်းသော လုပ်ငန်းများဖြစ်ကြောင်းသိရသည်။ "အဓိက အလားအလာကောင်းတာက ငြင်းစရာမလိုတဲ့ ပို့ပြင့်ကတော့ Agriculture Resources တွေက အများကြီးရှိတယ်။ မြေ၊ အလုပ်သမားတွေ အများကြီးရှိနေတယ်။ ဒီအရင်းအမြစ်တွေကို ဒီထက်ပိုပြီး Efficience ဖြစ်အောင်သုံးဖို့ပဲ။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့က မွေးနိုင်တယ်၊ စိုက်နိုင်တယ်၊ စိုက်ဖို့အတွက်လည်း အကွက်တွေအများကြီး၊ မွေးဖို့အတွက် နေရာတွေအများကြီးရှိတယ်။ ကောင်းတဲ့အချက်က ပတ်ဝန်းကျင်နဲ့အခြေအနေပေါ့။ ကျွန်တော်တို့နိုင်ငံရဲ့ ပတ်ဝန်းကျင်အခြေအနေက အိမ်နီးချင်းနိုင်ငံတွေထက်တောင် သာတဲ့အချက်တွေ အများကြီးရှိတယ်။ ထိုင်းနဲ့ယှဉ်လိုက်ရင် လေထုညစ်ညမ်းမှုတွေ အများကြီးကောင်းသေးတယ်။ ကျွန်တော်တို့ဆီမှာ Green Area တွေ အများကြီးရှိသေးတယ်။ ဒီအခြေအနေတွေကနေ ကြည့်မယ်ဆိုရင်တော့ မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍ အများကြီးတိုးတက်လာမယ်။ ဒါဆိုရင် မွေးမြူရေးနဲ့စိုက်ပျိုးရေးချိတ်ဆက်နေတဲ့ နယ်ပယ်ဟာတန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လာနိုင်မယ်။ အဓိကတော့ စားသောက်ကုန်ကဏ္ဍပေါ့။ ဒီလိုဖွံ့ဖြိုးလာပြီဆိုရင် ပြည်တွင်းစားသုံးမှုကို ပြည်ပက တင်သွင်းထားတဲ့ ပစ္စည်းနေရာမှာ အစားထိုးနိုင်မယ်။ ကျွန်တော်တို့ အစားအသောက်တွေကို ပြည်ပကိုပို့နိုင်မယ်။ ဒီနေရာမှာ အရမ်းလိုအပ်တာကတော့ အရည်အသွေးပဲ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ လုပ်နိုင်ရမယ်" ဟု ဒေါက်တာတင်လတ်က ပြောကြားသည်။

ပို့ကုန်တိုးတက်မှုနှုန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ အထွေထွေကျဆင်းလာခြင်းကြောင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၀ ခုနှစ်တွင် ၅ဒသမ၆ ရာခိုင် နှုန်းအထိ ကျဆင်းသွားနိုင်သော်လည်း မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၆ ဒသမ ၇ အထိတိုးတက်နိုင်ကြောင်း အောက်တိုဘာ ၁၀ ရက်က ရန်ကုန်မြို့ရှိ ကမ္ဘာ့ဘဏ်ရုံးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။ အရှေ့အာရှနှင့်ပစိဖိတ်ဒေသ၏ ဖွံ့ဖြိုးဆဲတိုင်းပြည်များ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၉ ခုနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၀ နှင့်

၂၀၂၁ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၈ ရာခိုင်နှုန်း အထိတိုးတက်လာမည်ဟု ကမ္ဘာကခန့်မှန်းထားသည်။

**Source:** https://news-eleven.com/article/151214

## ရန်ကုန်စျေးကွက်သို့ အသားခဲသရက်ချဉ်ထုပ်များ တွင်ကျယ်စွာတင်ပို့နေရ



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝစျေးချိုရပ်တွင် သရက်ချဉ်သိပ်လုပ်ငန်း လုပ်ကိုင်သူများရှိရာ ယခုအခါသရက်ချဉ်များ ရှားပါးစပြုပြီဖြစ်၍ အသားခဲသရက်ချဉ်လုပ်ကိုင်သူများ ထုတ်လုပ်သည့် ပက်ကင်ပိတ်သရက်ချဉ်များမှာ ရန်ကုန်စျေးကွက်သို့ နေ့စဉ်တင်ပို့နေရကြောင်းသိရသည်။ အင်းဝရပ်တွင် သရက်သီးကုန်ကြမ်းပေါ် ချိန်ဖြစ်သည့် တပေါင်းတန်ခူးလများမှစတင်၍ ကုန်ကြမ်းသရက်သီးအကြမ်းသီး (အချဉ်မျိုး)များကို ဒေသတွင်းသရက်ခြံများမှဝယ်ယူကြကာ သရက်သီးခားပေါက်ခုတ် လုပ်ကိုင်သူများငှားရမ်း၍ သရက်ချဉ်ဖတ်ခုတ်လှီးကြသည်။ ရရှိသည့် သရက်ချဉ်ဖတ်များကို စဉ့်အိုးများဖြင့် အချဉ်တည် သရက်ချဉ်ထုတ်လုပ်ကြသကဲ့သို့ တချို့သရက်ချဉ်လုပ်ငန်းလုပ်ကိုင်သူများမှာ သစ်သားသေတ္တာများတွင်ထည့်၍ အပေါ်မှ အလေးဖိပေးခြင်းဖြင့် ရေစစ်ပြီး သရက်ချဉ်အသားခဲအတုံးကြီးများအဖြစ် ထုတ်လုပ်ကြသည်။ "သရက်ချဉ်အရောင်းရဆုံးအချိန်က အလှူမင်္ဂလာရာသီချိန်ဖြစ်ပါတယ်။ ကျွန်မတို့ထုတ်လုပ်တဲ့ အသားခဲကုန်ကြမ်းက ရေရှည်အထားခံတယ်။ သရက်ချဉ်အခဲတွေကို တစ်ဆယ်သား၊ အစိတ်သား စတဲ့ပက်ကင်ပိတ်အထုပ်တွေလုပ် ရောင်းပါတယ်။ ပက်ကင်အတွက် ရန်ကုန် ကုန်သည်တွေအနေနဲ့ သူတို့အမှတ်တံဆိပ်နဲ့ ရောင်းနိုင်အောင် ရန်ကုန်ဆိုင်တံဆိပ်ထည့်ပေး ရပါတယ်။ ဇွန်လလောက်ကစပြီး ရန်ကုန်ကို နေ့စဉ် ၁၀ ကျပ်သား အထုပ် ၁၀၀ ပါ ဂျပ်ဖာအလုံး ၇၀ ကနေ ၈၀ အထိတင်ပို့ရတယ်။ ဒီရက်ပိုင်းမှာ ရိုးရိုးသရက်ချဉ်က ရောင်းစရာနည်းသွားပြီ။ သန့်ရှင်းလတ်ဆတ်တာကြိုက်တဲ့သူတွေက ပက်ကင်ပိတ်ပဲအဝယ်များတော့ အခုဆိုရင် အရင်ကထက် ပိုမိုတင်ပို့နေရတယ်"ဟု အင်းဝ စျေးချိုရပ်မှ အသားခဲပက်ကင်ပိတ် သရက်ချဉ်ထုပ်တင်ပို့ရောင်းချသူ မသင်းစန္ဒီကပြောသည်။

အင်းဝစျေးချိုရပ်တွင် ပက်ကင်ပိတ် သရက်ချဉ်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင် ခြောက်ဦးရှိရာ ၁၀ ကျပ်သားဝင် ပက်ကင်ပိတ်အထုပ်များကို အများဆုံးပြုလုပ်ကြရပြီး အော်ဒါမှာပါက တစ်ပိဿာ ပါကင်ထုပ်၊ ငါးဆယ် ကျပ်သားပါကင်စသည်ဖြင့် ပြုလုပ်ပေးရသည်။ အသားခဲပက်ကင်ပိတ် သရက်ချဉ်အထုပ်များကို တစ်နှစ်ပတ်လုံးထုတ်လုပ်မှုရှိရာ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မိတ္ထီလာမြို့များသို့ အများဆုံးတင်ပို့ရောင်းချရသည့်အပြင် ရန်ကုန်ကုန်သည်များမှတစ်ဆင့် စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ပါ တင်ပို့ရောင်းချရကြောင်းနှင့် ယခုရက်ပိုင်း ပက်ကင်ပိတ်ထုတ်လုပ်ရောင်းချသူများ ကုန်ကြမ်းလက်ကျန်နည်းချိန်ဖြစ်၍ လက်ရှိစျေးကွက်မှာ အမြင့်စျေးဖြင့်ရောင်းချနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132944.html

## မန္တလေးမှ နံရံကပ်အလှဆင် ဝါးပန်းအိုးများ ပြည်ပစျေးကွက်အထိ အောင်မြင်စွာထိုးဖောက်



မန္တလေးမြို့ရှိ မြန်မာ့ဝါးလက်မှု ပညာရှင်တစ်ဦး အသစ်ဖန်တီးထုတ်လုပ်ထားသည့် နံရံကပ်အလှဆင် ဝါးပန်းအိုးများကို ပြည်တွင်းစျေးကွက်တင်မက ပြည်ပစျေးကွက် အထိ အောင်မြင်စွာထိုးဖောက်လျက်ရှိကြောင်းသိရသည်။ ကမ္ဘာပေါ်၌ နှီးရက်လုပ်မှုနည်းပညာအမျိုးမျိုးရှိသည့်အနက် ကိုယ်ပိုင်ရက်လုပ်မှုပုံစံအသစ်ဖြင့် ဆန်းသစ်ထိုးဖောက်ခြင်း၊ နိုင်ငံတကာရှိ ဝါးပညာနည်းစဉ်များဖြင့် အစမ်းသပ်ခံနိုင်ခြင်း၊ အနည်းဆုံးငါးနှစ်အထိ သက်တမ်းကြာရှည်စေရန် စနစ်တကျဆေးစိမ်ခြင်းတို့ကြောင့် မြန်မာပြည်တွင်းစျေးကွက်အပြင် ပြည်ပနိုင်ငံစျေးကွက်များဖြစ်သော တရုတ်၊

အမေရိကန်၊ ထိုင်ဝမ်၊ ကနေဒါ၊ စင်ကာပူ၊ ဂျပန်၊ ထိုင်းစသည့် နိုင်ငံများအထိ တင်ပို့ ရောင်းချနေရခြင်းဖြစ်သည်။ "လက်မှုပညာအပြင် နှစ်ပေါင်း၂၀ အတွေ့အကြုံရှိ ခုတ်ပုံပညာ၊ ပန်းချီ ပညာ၊ ပုံနှိပ်ပညာ တို့ကို ပေါင်းစပ်ဖန်တီးထားတာဖြစ်ပြီး အဆောက်အအုံအင်ဂျင်နီယာတွေနဲ့ အခန်းတွင်း အလှဆင်ပညာရှင်တွေရဲ့ တိုက်တွန်း ချက်တွေကြောင့် ဒီနံရံကပ်အလှဆင် ဝါးပန်းအိုးတွေကို ပင်ကိုဖန်တီးမှုအဖြစ် ထုတ်လုပ်နိုင်ဖို့ နှစ်နှစ် နီးပါး အချိန်ယူခဲ့ရပါတယ်။ နိုင်ငံတကာက ဝါးပညာရှင်တွေရဲ့ အစမ်းသပ်ခံနိုင်ဖို့နဲ့ ရေရှည်ခံဖို့အတွက် ပေါင်းဆေး စိမ်ခြင်းနဲ့အရောင်တင်ခြင်းကို နှစ်ခါပြန်ပြုလုပ်ထားသလို အိမ်တက်နဲ့မွေးနေ့အလှူမင်္ဂလာဆောင်တွေမှာ မြန်မာ့လက်မှုစစ်စစ်ကိုပဲ လက်ဆောင်ပေးချင်တဲ့ သူတွေအတွက် ဈေးနှုန်းအနေနဲ့ရော အသက်သာဆုံးဖြစ်အောင် သတ်မှတ်ပေးထားရာမှာ ပေါင်းဆေးအပါအဝင် နီးရက်လုပ်ခ၊ ဝါးပန်းအိုးနဲ့ ပန်းပွင့်အားလုံးတစ်ခုကို ငွေကျပ် ၁၀၀၀၀ ဝန်းကျင်နှုန်းနဲ့ပဲ ထုတ်လုပ်ရောင်းချသွားမှာဖြစ်ပါတယ်"ဟု ဘိုးသိကြားမင်း အနုပညာလုပ်ငန်းမှ ဝါးလက်မှုပညာရှင် ဆရာဦးဝင်းမော်ငြိမ်းက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

မြန်မာနိုင်ငံတွင်း ဝါးလက်မှုပညာ တိုးတက်ပြန့်ပွားစေရန်၊ မျိုးဆက်သစ်လူငယ်ပညာရှင်များမွေးထုတ်ပေးနိုင်ရန်၊ သဘာဝအရင်းအမြစ်များကိုအခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာစေရန်ရည်ရွယ်ကာ အခြေခံနှင့် အဆင့်မြင့် ဝါးလက်မှုပညာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ ဝါးပန်းချီကား၊ ဝါးမီးအိမ် အပါအဝင် ဝါးလက်မှု အနုပညာ ၅၀ ကျော်ကိုဖန်တီးလျက်ရှိပြီး ဝါးလက်မှုပညာကို စိတ်ဝင်စားသူများအနေဖြင့် ငွေတော်ကျီကုန်းရပ် မင်းကြီးရန်နောင်လမ်းနှင့် ၆၈ လမ်းဆုံအနီး လမ်းသွယ် ၂၀ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့သို့ လာရောက် လေ့လာနိုင်သည်။

**Source:** https://myanmar.mmtimes.com/news/132945.html

## လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၈၀၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ပဲဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ဝင်ငွေဒေါ်လာငါးသန်းပိုမိုရရှိ



လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် ၁၂၀၀၀၀ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၇ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူထက် တင်ပို့မှုတန်ချိန် ၈၀၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်း ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁၂၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၇ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ပဲမျိုးစုံတန် ချိန် ၃၀၀၀၀၀ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၂ သာ ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၈၀၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ဝင်ငွေ အမေရိကန်ဒေါ်လာ ငါးသန်းအထိ ပိုမိုရရှိထားကြောင်း သိရသည်။ “ပဲမျိုးစုံကတော့ လက်ရှိဘဏ္ဍာနှစ်မှာ ဒေါ်လာ ၁၅၇ သန်း ပေါ့။ ယခင်ကာတူက ဒေါ်လာ ၁၅၂ သန်းဆိုတော့ ဒေါ်လာ ၅ သန်းလောက်ပိုတယ်။ တန်ချိန် ၂၀၀၀၀ ကျော်ပေါ့ ကာလတူက ၃၀၀၀၀၀ ဆိုတော့ ကာလတူနဲ့ယှဉ်ရင် တန်ချိန် ၈၀၀၀၀ လောက်တော့နည်းတယ်။ တန်ချိန်နည်းတယ်ဆိုပေမယ့် ဈေးနှုန်းတက်တဲ့အတွက်ကြောင့် တန်ဖိုးကတက်တာ” ဟု ဦးခင်မောင်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံ အနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံစသည့် ပဲအမျိုးအစား သုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအနက် မတ်ပဲနှင့်ပဲစဉ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့နေခြင်းဖြစ်ပြီး၊ ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံအချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ တရုတ်နှင့် အီးယူ ဈေးကွက်ကောင်းမွန်သဖြင့် လက်ရှိပြည်တွင်း၌ ပဲတီစိမ်းအညံ့စားပင်လျှင် ကျပ် ၁၁ သိန်းကျော်ရှိပြီး ပြည်ပပို့ကုန် အရည်အသွေးပြည့်မီပါက ကျပ် ၁၄ သိန်းခန့်အထိရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းမှသိရသည်။ “တရုတ်

ဘက်က ဈေးကောင်းရင် များသောအားဖြင့် ပဲတီစိမ်းဈေးကွက်က ဈေးကောင်းတာများတယ်။ ဒါပေမဲ့လည်း အီးယူကလည်း သူ့ဟာသူ ဈေးကွက်တစ်ခုရှိတဲ့အခါကျတော့ တရုတ်နဲ့အီးယူက ဈေးကောင်းတယ်ဆိုရင် ကျန်တဲ့နိုင်ငံတွေကလည်း ဈေးအထိုက်အလျောက် ပေးဝယ်တာပေါ့နော်။ ပဲတီစိမ်းဆို ဒီနှစ်ဆိုရင် တကယ်တမ်းညံ့တဲ့ အစားတောင် ၁၁ သိန်းကျော် လောက်ပုံမှန်ရှိတယ် ပြည်တွင်းမှာ။ တကယ်ကောင်းတဲ့ အစားဆို ၁၃ သိန်းကျော် ၁၄ သိန်းလောက်ရှိတယ်။ ပဲတီစိမ်း ဈေးကွက် ကတော့ ပိုခိုင်မာပါတယ်" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောကြားသည်။ အိန္ဒိယက မတ်ပဲတန်ချိန်နှစ်သိန်းခွဲ တိုးမြှင့်တင်သွင်းခွင့်ပြုလိုက်ခြင်းကြောင့် ပြည်တွင်းမတ်ပဲဈေးတစ်တန်လျှင် ကျပ်တစ်သိန်း ကျော်ခုန်တက်ခဲ့ပြီး မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၁၂၃၀၀၀၀ ဝန်းကျင်အထိ ရှိလာကြောင်း ဘုရင့်နောင်ဈေးကွက်မှ ပဲကုန်သည်များထံမှသိရသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို ယခင်က တန်ချိန် ၁ ဒသမ ၅ သိန်း သတ်မှတ်ထားရာမှ ယခုထပ်မံ၍ တန်ချိန် ၂ ဒသမ ၅ သိန်း တိုးမြှင့်တင်သွင်းခွင့် ပြုမည်ဖြစ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေး ဦးစီးဌာန (DGFT) က ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကုန်သွယ်မှု ညွှန်ကြားလွှာ အမှတ် ၄/၂၀၁၉-၂၀၂၀ ဖြင့် ကုန်သွယ်ရေး အသိပေး ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်း ကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ပြည်ပကုန်သွယ်မှု ညွှန်ကြားရေး ဦးစီးဌာနက သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကိုတာတန်ချိန် လေးသိန်းအထိ ကန့်သတ်တင်သွင်းခွင့် ပြုလိုက် ကြောင်း ယခုကန့်သတ်ချက်သည် အိန္ဒိယအစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေးထိုး ထားရှိသည့် နားလည်မှုစာချွန်လွှာ (MoU) များနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ဖော်ပြထားသည့် အမိန့်ကြော်ငြာစာကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

DGFT ဌာနသည် အဆိုပါ အမိန့်ကြော်ငြာစာအရ ကုန်သွယ်မှုအသိပေးချက်ကို ထပ်ဆင့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး တိုးမြှင့် တင်သွင်းခွင့်ပြုမည့် မတ်ပဲတန်ချိန် နှစ်သိန်းခွဲအား ပြည်တွင်းရှိ ပဲခွဲစက်နှင့်ပဲသန့်စင်မှုလုပ်ငန်း လုပ်ကိုင်သူများသို့ တင်သွင်းခွင့် ကိုတာများ ခွဲဝေချထားပေးမည်ဖြစ်သည်။ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက်အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများ တင်သွင်းနိုင်မည်ဖြစ်သည်။ ထပ်တိုးမတ်ပဲ ကိုတာတန်ချိန် နှစ်သိန်းခွဲအား တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများသည် ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် တွင် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းသို့အရောက် တင်သွင်းရမည် ဖြစ်ကြောင်း ကြေညာထားသည်။

**Source:** https://news-eleven.com/article/151255

## ဆန်တင်ပို့ရာတွင် သတ်မှတ်ချက် ပိုမိုများပြားလာ

တရုတ်နိုင်ငံက ဆန်ဝယ်ယူရာတွင် စည်းမျဉ်းကန့်သတ်ချက် ပိုမိုလာ၍ ဆန်တင်ပို့ရန် ပိုမိုခက်ခဲလာကြောင်း ဆန်ကုန်သည် များကပြောသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ပို့ကုန်၊ သွင်းကုန်စားနပ်ရိက္ခာများ စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် ဘေးကင်း လုံခြုံရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာလာ၍ ပိုမိုတင်းကြပ် သည့် စည်းမျဉ်းများကို တရုတ်နိုင်ငံက ချမှတ်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ နေသော နိုင်ငံများမှာ မြန်မာ အပါအဝင် ၁၀ နိုင်ငံရှိပြီး သတ်မှတ်စည်းမျဉ်းများကို တိကျစွာလိုက်နာပါက နှစ်စဉ် ဆန်တင်ပို့ခွင့် ကိုတာခွဲတမ်း ရရှိနိုင်သည့် အခွင့်အရေးကိုလည်း ပေးထားကြောင်းသိရသည်။

တရုတ်က တင်းကြပ်လိုက်သည့် စည်းမျဉ်းစည်းကမ်းများတွင် ဆန်တင်ပို့မည့် ကုန်သည်များသည် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အသင်းဝင် ဖြစ်ရန်နှင့် ပြည်တွင်း၊ ပြည်ပ ဆန်စပါးဈေးကွက်တွင် အရောင်းအဝယ်အတွေ့အကြုံ ရှိသူဖြစ်ရမည်ဖြစ် သလို ကုမ္ပဏီပိုင်ဆန်စက် (သို့မဟုတ်) သိုလှောင်ရုံရှိရန်လိုအပ်ကြောင်းပါရှိသည်။ ထို့ပြင် ဆန်စက်၊ သိုလှောင်ရုံသည် လက်ရှိ ပုံမှန် လည်ပတ်ဆောင်ရွက် နေသော ဆန်စက်၊ သိုလှောင်ရုံ ဖြစ်ရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချုပ်ဆိုထားသည့် အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖြစ်ရန်

လိုအပ်ကြောင်း တင်ပို့ မည့်ဆန်များသည် ထိန်းချုပ်ပိုးမွှားများ ကင်းစင်ရမည်ဖြစ်ပြီး စပါးခွံ၊ ဖွဲ၊ ပင်စည်၊ အရွက်၊ ပေါင်းစေ့ များ၊ မြေကြီးများ၊ အခြားပင်ကြွင်းပင်ကျန်များ ကင်းစင်ရန်လိုအပ်ကြောင်း၊ တစ်ဖန် ဆန်တင်ပို့ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီရမည်ဖြစ်ပြီး၊ ခွင့်ပြုနိုင်သော စိုက်ပျိုးရေးသုံးဓာတုဆေးဓာတ်ကြွင်းများနှင့် ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်းများနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်ဟု သတ်မှတ်ထားကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်အသင်း အတွင်းရေးမှူး ဦးစိုင်းကျော်က "နယ်စပ်ကနေ ဆန်တင်ပို့နိုင်ဖို့ လိုအပ်တယ်။ တရုတ်က တရားဝင်လမ်းကြောင်းအတိုင်းသွားနေတာဖြစ်လို့ ဒီနောက်ပိုင်း နယ်စပ်ကပို့တာလျော့နည်းသွားတယ်။ ပိုပြီးလည်းတင်းကြပ်လာတာတွေရှိတယ်" ဟု ပြောသည်။ တင်ပို့မည့်ဆန်များကို ပိုးမွှားကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊ မရှိတို့ကို ဆန်မတင်ပို့မီ တတိယအဖွဲ့အစည်းဖြစ်သည့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်နှင့်စစ်ဆေး၍ ပိုးမွှားကင်းစင်ကြောင်းနှင့် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရကြောင်းလည်းသိရသည်။

**Source: The Farmer Media**

https://www.facebook.com/myanmaawba/?ref=page_internal

## ကော်ဖီစေ့တန်ချိန် ၁၀၀၀ ခန့် တင်ပို့နိုင်မည်မျှော်မှန်း

ကော်ဖီသီးခူးဆွတ် ရာသီအတွင်း ပြည်တွင်းကော်ဖီထုတ်လုပ်မှု ကော်ဖီစေ့တန်ချိန် ၂၀၀၀ မှ ၂၅၀၀ အတွင်းရှိမည်ဟု မျှော်မှန်းထားပြီး ပြည်ပသို့တန်ချိန် ၁၀၀၀ ခန့် တင်ပို့နိုင်ရန်ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးကပြောသည်။ "ဒီနှစ် ပြည်ပပို့ဖို့ မှန်းတာတော့ တန်ချိန် ၈၀၀ နဲ့ ၁၀၀၀ ကြားလောက်အကြမ်းဖျင်းမှန်းပါတယ်။ ထုတ်လုပ်မှုက တန်ချိန် ၂၀၀၀ ကနေ ၂၅၀၀လောက်အထိ ရှိတယ်။ ကျန်တာကတော့ ပြည်တွင်းသုံးနဲ့ နယ်စပ်ပို့ကုန်ဖြစ်မယ်ထင်ပါတယ်" ဟု ၎င်းကပြောသည်။

ပြည်တွင်းနှင့် ပြည်ပကော်ဖီ ပို့ကုန်စျေးကွက်ကို လက်ရှိတွင် ခန့်မှန်းထားချက်သာရှိဆဲဖြစ်ပြီး ပို့ကုန် အတိအကျ ယတိပြတ်ပြောရန် မဖြစ်နိုင်သေးဘဲ ရာသီချိန်အပြီးသတ်ထွက်ချိန်မှသာ အတိအကျခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် ပြည်ပဝယ်လက်အသစ်များဖြင့် ချိတ်ဆက်နိုင်အောင် ကြိုးပမ်းမည်ဖြစ်ကြောင်း ဦးမျိုးအေးကပြောသည်။ ကော်ဖီသီးခူးဆွတ်ချိန်ရာသီသည် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလထိဖြစ်ပြီး ထိုခူးဆွတ်ကာလကုန်ဆုံးပါက ကော်ဖီအရည်အသွေးကို ပြည်ပဝယ်လက်များထံ မိတ်ဆက်ပြသရန် ပြင်ဆင်နေကြောင်း၊ လက်ရှိတွင်အမေရိကန်သို့ အများဆုံးတင်ပို့ရောင်းချလျက် ရှိကြောင်း ၎င်းကပြောသည်။ "မြန်မာ့ကော်ဖီကို ကမ္ဘာကသိအောင်လုပ်ဖို့ လွန်ခဲ့တဲ့ သုံးလေးနှစ်ကကြိုးစားတည်ဆောက်လာတာ ဒီနေ့အချိန်မှာ မြန်မာ့ကော်ဖီက ဘယ်လိုအရည်အသွေးရှိတယ်ဆိုတာ ကမ္ဘာကသိလာတဲ့ အနေအထားရောက်လာပါတယ်။ ဟောင်ကောင်၊ စင်ကာပူကနေ အမေရိကန်စျေးကွက်အထိ ကျွန်တော်တို့ တိုးချဲ့လာနိုင်လို့ တခြားနိုင်ငံတွေလည်း မြန်မာ့ကော်ဖီအရည်အသွေးကို စသိရှိလာပါပြီ။ မြန်မာ့ကော်ဖီကလာမယ့်နှစ် အနည်းငယ်အတွင်း အခြေအနေတော်တော် ကောင်းလာနိုင်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီမှUSAID နှင့်WinRock Internationalအဖွဲ့အစည်းများ၏ အကူအညီဖြင့် အမေရိကန်စျေးကွက်တွင် နေရာရရှိနေပြီး ဥရောပစျေးကွက်အပြင် ဂျပန်၊ ကိုရီးယား၊ ကနေဒါနိုင်ငံ စျေးကွက်များသို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ "ကော်ဖီကမ္ဘာ့စျေးကွက် စျေးနှုန်းဆိုတာရှိတယ်။ ကျွန်တော်တို့က အာရေဗီးကား အများဆုံးထုတ်တယ်။ အာရေဗီးကားမှာမှ အထူးတန်းကော်ဖီက စျေးပိုရတယ်။ အရည်အသွေးမြင့်ရင် တစ်တန်ကို အမေရိကန် ဒေါ်လာ ၄၅၀၀ ကနေ ၈၀၀၀၊ ၁၀၀၀၀ လောက်ထိရတယ်။ ကမ္ဘာ့ကြမ်းခင်းစျေးက နည်းရင်နည်းနိုင်ပေမဲ့ မြန်မာပြည်ကျတော့ ထူးခြားတဲ့ ကွာလတီဆိုပြီး အမှတ်တွေပေါင်းတယ်။ ကျွန်တော်တို့ကဘာကြောင့် စျေးရနေတာလဲဆိုတော့ နိုင်ငံရဲ့ မူလရင်းမြစ်အစစ်ဖြစ်တာရယ်၊ သဘာဝအတိုင်း ထုတ်လုပ်တာရယ်၊ ထူးခြားတဲ့အရည်အသွေးအရသာရှိတဲ့အတွက် စျေးနှုန်းရပါတယ်။ ဒါတွေကို ထိန်းသိမ်းပြီးလုပ်မှစျေးကောင်းရမှာ။ ပေါပေါပဲပဲလုပ်၊ မြေဩဇာကို မကောင်းတာတွေသုံးရင် စျေးမရတော့ဘူး"ဟု ဦးမျိုးအေးကပြောသည်။ မြန်မာနိုင်ငံတွင် ကော်ဖီမျိုးအနေဖြင့် အာရေဗီးကားကော်ဖီနှင့်ရိုဘာစတာကော်ဖီ နှစ်မျိုးရှိသည့်

အနက် အာရေဗီးကား ကုန်းမြင့်ကော်ဖီ (အထူးတန်းဝင်ကော်ဖီ)ကို အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ လက်ရှိတွင် ကော်ဖီစိုက်ခင်း ဧက ၅၀၀၀၀ ခန့်တွင် အာရေဗီးကား ကော်ဖီစိုက်ဧက ၄၀၀၀၀ ခန့်ရှိသည်။ အရည်အသွေးအပေါ်မူတည်ပြီး မြန်မာ့ကော်ဖီသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၈၀၀၀ နှင့်အထက်ဈေးနှုန်းရှိခြင်းဖြစ်သည်။ ပုံမှန်အရည်အသွေးဆိုပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်ရရှိသည်။

**Source:** https://myanmar.mmtimes.com/news/132924.html

## တရုတ်နှစ်သစ်ကူးမတိုင်မီ တရုတ်ဝယ်လက်များအပြိုင်အဆိုင်ဝယ်၍ မန္တလေးကျောက်စိမ်းဈေးကွက်သွက်

ရိုးရာနှစ်သစ်ကူးပွဲတော်အတွက် တရုတ်ပြည်မကြီးသို့ မကြာမီပြန်ကြတော့မည်ဖြစ်သောကြောင့် မန္တလေးမြို့ကျောက်စိမ်းဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း တရုတ်ဝယ်လက်များက အရည်အသွေးကောင်းကျောက်စိမ်းများကို အပြိုင်အဆိုင်ဝယ်ယူမှုရှိနေ၍ ကျောက်စိမ်းဈေးကွက် သွက်လက်လှုပ်ရှားလျက်ရှိကြောင်းသိရသည်။ "မော်တွေဘက်က ကျောက်စိမ်းကုန်ကြမ်းအသစ်တွေလည်း ဈေးကွက်ထဲကို ဝင်ရောက်လာနေပြီဖြစ်တဲ့အတွက် ရောင်းရ၊ ဝယ်ရတာတော်တော်လေးကို အဆင်ပြေနေတဲ့အနေအထားပါ။ ဇန်နဝါရီပိုင်းထဲမှာရှိတဲ့ နှစ်သစ်ကူးအတွက် ပြည်မကြီးကို ကြိုတင်ပြန်ကြမယ့် တရုတ်ဝယ်လက်တွေ တော်တော်များများက အပွင့်တွေနဲ့လက်ကောက်တွေကို ပိုမိုဝယ်ယူနေကြတာဖြစ်ပြီး ပစ္စည်းရှားပါးတဲ့အနေအထားမဟုတ်လို့ ဈေးကောင်းတော့မရဘဲ သင့်တင့်တဲ့ဈေးပဲရကြပါတယ်။ အောက်ကျောက်လို့ခေါ်တဲ့ အရည်အသွေးနိမ့်တဲ့ကျောက်တွေကတော့ ဒေသခံ တစ်နိုင်တစ် ပိုင်ဝယ်ရောင်းသမားတွေပဲ အများဆုံး ဝယ်ယူကြတာဖြစ်သလို ကံကောင်းလို့အရည်ပါဝင်မှုကြောင့် ဈေးကောင်းရသွားတဲ့သူတွေလည်းရှိပါတယ်။ အဓိကအားဖြင့်တော့ တရုတ်ဝယ်လက်ကိုပဲ အားထားနေရတာဖြစ်လို့ တရုတ်ဝယ်လက်တွေ နှစ်သစ်ကူးပြန်သွားတဲ့အချိန်မှာတော့ ကျောက်စိမ်း ဈေးကွက်က အေးစက်သွားဦးမှာဖြစ်ပြီး အခုလို ဈေးကွက်ကောင်းနေတုန်း အချိန်လေးမှာ ဝယ်ရောင်းအများစုက ရှိတဲ့ပစ္စည်းတွေ အကုန်ထုတ်ရောင်းနေကြပါတယ်"ဟု မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း (မန္တလေးကျောက်ဝိုင်း)မှ ဝါရင့်ကျောက်စိမ်းကုန်သည်ဦးဝင်းနိုင်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

စခန်းအတွင်းရှိ အပွင့်ဝိုင်း၊ လွှာချပ်ဝိုင်း၊ ပုံကျမီးထိုးဝိုင်း၊ ခွင်ဝိုင်း၊ ခဲဝိုင်း၊ လက်ကောက်ဝိုင်းနှင့် မိုးကုတ်နီပြာဝိုင်းတို့အားလုံးတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားနေသဖြင့် ကျောက်စိမ်းနှင့်ဆက်စပ်နေသည့် ဖြတ်ခုံ၊ သွေးခုံ၊ ဖောက်ခုံလုပ်ငန်းများမှာလည်း အပ်ထည်များကြောင့် ပုံမှန်လည်ပတ်လျက်ရှိကြောင်း၊ အပွင့်ဝိုင်းအတွင်းသို့ ခန္တီးကျောက်များဝင်ရောက်မှုလျော့နည်းလာနေပြီး နယ်စပ်ဒေသရွှေလီနှင့် ကြယ်ဂေါင်ဘက်ရှိ ကျောက်စိမ်းဈေးကွက်များလည်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ကုန်သည်များထံမှသိရသည်။

မန္တလေးမြို့ ကျောက်စိမ်းဈေးကွက်သည် တရုတ်နှစ်သစ်ကူးချိန်တွင် အရောင်းအဝယ်အေးစက်သွားသော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းရောက်လျှင် တရုတ်ကုန်သည်များ ပြန်လည်ဝင်ရောက်လာမှုကြောင့် ဈေးကွက်အားလုံးပြန်လည်လှုပ်ရှားလာလေ့ရှိတတ်ရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ နေပြည်တော်၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရန်ရှိပြီး ကျောက်မျက်အတွဲများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူကာ ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132912.html

## ကသာ၊ ထီးချိုင့်ဒေသက ကြံတွေ တရုတ်နိုင်ငံကို ကုန်ကြမ်းအတိုင်း ပထမဆုံးအကြိမ်တင်ပို့

ကသာ၊ ထီးချိုင့်၊ ငါးအိုးဒေသကကြံတွေ တရုတ်နိုင်ငံကို ပထမဆုံးအကြိမ်အဖြစ် ကုန်ကြမ်းတွေ အတိုင်းတင်ပို့နေတယ်လို့ ကြံတောင်သူတွေထံကသိရပါတယ်။ ပြည်တွင်းသကြားဈေးကွက်ကြောင့် ကြံဈေးနှုန်းနိမ့်ကျနေတာ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲတွေရှိနေတာတွေက ကြံတောင်သူတွေအတွက် အဆင်မပြေမှုတွေဖြစ်နေချိန်မှာ တရုတ်နိုင်ငံကဝယ်ယူဖို့ ကမ်းလှမ်းနေတာကြောင့် တင်ပို့နေတယ်လို့ ကြံတောင်သူကိုယ်စားလှယ် ဦးချိုတူးကပြောပါတယ်။ သူက "ဒီလေးရက်လောက်ပဲရှိသေးတယ်၊ တရုတ်ကိုတောင်သူအချို့က ကြံအပင်လိုက်တင်ပို့နေတယ်၊ ပြည်တွင်းစက်ရုံ ကိုတင်ပို့ရင်လဲ တန်ပိုခွင့်မပြုလို့ သယ်ယူမှုအခက်အခဲဖြစ်နေတယ်၊ ဒေသတွင်းကုန်ထုတ်လမ်းကြမ်းက ပို့ နေရ တော့

ကုန်ကျစရိတ်တွေ ပိုတက်တယ်၊ အဲဒါကြောင့် တောင်သူတွေက တရုတ်ကိုစပို့နေတာ”လို့ ပြောပါတယ်။

ပြည်တွင်းမှာ ကြံဈေးနှုန်းက တစ်တန်ကို ကျပ် ၃၈၀၀၀ သာရရှိပြီး ကြံခုတ်ခ၊ တင်ခ၊ စက်ရုံအ ရောက်သယ်ယူစရိတ်တွေကြောင့် အသားတင်ငွေကျန်ရှိမှု နည်းပါးတယ်လို့ပြောပါတယ်။ ဒီနှစ်မှာ မြတောင်တိုးဂိတ် ဖွင့်ခဲ့ ပြီး တန်ပိုခွင့်မပြုတော့တာကြောင့် ကုန်ကျစရိတ်က နှစ်ဆနီးပါးအထိ ထပ်ကုန်နိုင်မယ့်အခြေအနေတွေ က တောင်သူတွေ အခက်အခဲတွေ ပိုတိုးလာတယ်လို့ ကြံတောင်သူတွေက ပြောပါတယ်။လက်ရှိမှာ ပြည်တွင်းကို ရောင်းချရတဲ့ဈေးနှုန်းထက် အသားတင်ငွေ ပိုကျန်တဲ့တရုတ်နိုင်ငံကို လွယ်ဂျယ်လမ်းကြောင်းကနေ တင်ပို့နေတယ်လို့ ကြံတောင်သူကိုယ်စားလှယ် ဦးလီလီထွန်းကပြောပါတယ်။ သူက “ဒီထဲက စက်ရုံကိုရောင်းမယ်ဆိုရင် ခု တန်ပိုခွင့် မပြုတော့ ကုန်ထုတ်လမ်းကနေ ပို့ရတယ်၊ ပိုကုန်တယ်၊ တစ်တန်ကို ကားခ၊ ခုတ်ခ၊ တင်ပို့ခတွေ ပြီးရင် ၁၅၀၀၀ ပဲ ကျန်တယ်၊ ဒီစရိတ်က တောင်သူတွေအတွက် အရင်းတောင်ပြန်ရဖို့ ခက်ခဲနေတဲ့စရိတ်၊ ခုတရုတ် က ဝယ်တာက တစ်တန်ကို ၂၅၀၀၀ အသားတင်ငွေကျန်တယ်၊ တစ်တန်ကို ၇၀၀၀ ပိုတော့ နည်းနည်းတော့ ပိုအဆင်ပြေတယ်”လို့ ပြောပါတယ်။

တရုတ်နိုင်ငံကို လွယ်ဂျယ်လမ်းကြောင်းကတင်ပို့ရာမှာ ခရီးမိုင် ၂၀၀ ဝန်းကျင်ရှိပြီး တစ်တန် ကို ၈၅၀၀၀ ဈေးရကာ ကားခအနေနဲ့ တစ်တန်ကို ၅၀၀၀၀ ကုန်ကျတယ်လို့ တောင်သူတွေကပြောပါတယ်။ တရုတ် နိုင်ငံကို ကြံကုန်ကြမ်းအတိုင်း တင်ပို့တာက ယခင်က ဗန်းမော်ဒေသက ကြံတွေကိုသာ တင်ပို့နေတာ ဖြစ်ပြီး သည်နှစ်မှာတော့ ကသာ၊ ထီးချိုင့်၊ ငါးအိုးဒေသတွေက ကြံတွေကို ပထမဆုံးအကြိမ် တင်ပို့နေတာဖြစ်ပါ တယ်။

**Source:** https://www.kumudranews.com/news-36559

## ရော်ဘာဈေးနှုန်းအရင်နှစ်ထက်ကျဆင်းနေ

ယခင်နှစ်ထက် ရွှေကျင်ကထွက်ရှိနေတဲ့ရော်ဘာမှာ ဈေးနှုန်းကျဆင်းနေတယ်လို့ ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ရော်ဘာအရည်အသွေးများကြောင့် အရင်နှစ်ထက် ဈေးနှုန်းကျဆင်းတာဖြစ်တယ်လို့ ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူး ဦးခင်မောင်သက် ကပြောပါတယ်။ “ဒီနှစ်လည်းမနှစ်ကနဲ့စာရင် နည်းနည်းတော့ကျဆင်းနေတယ်။

တစ်ပေါင်ကို ၅၀ လောက်ကျသွားပါတယ်။ ဈေးနှုန်းကျတာကတော့ ကျန်တဲ့ဈေးကွက်ကိုပို့တဲ့အချိန်မှာ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲတွေနဲ့ အရည်အသွေးတွေကြောင့် ဈေးနှုန်းကျဆင်းတာပါ” ရော်ဘာကို တရုတ်နိုင်ငံကို အဓိကထား တင်ပို့နေတာဖြစ်ပြီး အခြားပြည်ပဈေးကွက်နိုင်ငံများကိုလည်း စတင်တင်ပို့နေကြောင်း အဆိုပါအသင်းမှသိရပါတယ်။ ရော်ဘာနေလှန်းပြား တစ်ပေါင်ကို ၆၃၀ ကျပ်ဝန်းကျင်ရှိပြီး၊ မိုင်းခံရာဘာ နံပါတ်(၃)အမျိုးအစားမှာ တစ်ပေါင်ကို ၇၅၅ကျပ် ရှိကြောင်း ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းများအရသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/rubber_price_is_low

## ယခုဘဏ္ဍာနှစ် သစ်သီးဝလံတန်ချိန် တစ်သန်းကျော်အထိ တင်ပို့ရန်လျာထား

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဖရဲ၊ သခွားမွှေး၊ ထောပတ်သီးနှင့်သရက်သီးတို့ကို တန်ချိန် တစ်သန်းကျော် တင်ပို့ရန် မျှော်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ယင်းပမာဏများထဲမှ ဖရဲသီးကို တန်ချိန် ရှစ်သိန်းခန့်၊ သခွားမွှေးကို တန်ချိန် သုံးသိန်းကျော်၊ ထောပတ်သီးကို တန်ချိန် ငါးသောင်းကျော်နှင့် စိန်တစ်လုံးသရက်သီးကို တန်ချိန်တစ်သိန်းခန့်အထိတင်ပို့ရန် မျှော်မှန်းထားကြောင်းသိရသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း အတွင်းရေးမှူး ဦးကျော်သူက "တရုတ်ကို တင်ပို့မယ့် သစ်သီးဝလံရှစ်မျိုးအနက် သရက်၊ ဖရဲ၊ သခွားမွှေးနဲ့ ကုလားဆီးသီးကို တရားဝင်တင်ပို့ခွင့် ရရှိထားပြီး ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ ငှက်ပျောသီး၊ ထောပတ်သီးနဲ့ ကျွဲကောသီးကို ထပ်ပြီးတရားဝင်တင်ပို့ခွင့်ရရှိဖို့ တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ကို တင်ပြထားပြီး

ဖြစ်ပါတယ်"ဟု ဒီဇင်ဘာ ၂၆ ရက်တွင်ပြောဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မြန်မာ့သစ်သီးဝလံများကို တရုတ်သို့ လေကြောင်းမှတစ်ဆင့်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပြည်ပဈေးကွက်တိုးချဲ့ရေးသည် အပင်ပိုးမွှားရောဂါများကင်းရှင်းမှု၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့်သတ်မှတ်အရည်အသွေးအတိုင်း ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်းသိရသည်။ လက်ရှိ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် ဖရဲသီးတင်ပို့မှုစာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန်ခုနစ်သိန်းကျော်၊ အမေရိကန်ဒေါ်လာသန်း ၇၀ ကျော်၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန်ရှစ်သိန်းကျော် အမေရိကန်ဒေါ်လာ ၇၇ သန်းကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန်ရှစ်သိန်းကျော်အမေရိကန်ဒေါ်လာ သန်း ၇၀ နီးပါးရရှိခဲ့ကြောင်းသိရသည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သခွားမွှေးတန်ချိန် ၁၂၀၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂၆၀၀၀ကျော် အမေရိကန်ဒေါ်လာ ၃၅ သန်းကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၅၀၀၀၀ ကျော် အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ရရှိခဲ့သည်။ ထောပတ်သီးတင်ပို့မှုတွင်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တန်ချိန် ၁၅၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် တန်ချိန် ၂၀၀၀၀ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2392485907530016?__tn__=K-R

## အိန္ဒိယသို့တင်ပို့ မည့် မတ်ပဲတန်ချိန် ၂ သိန်းခွဲကို လာမည့်နှစ် မတ်လကုန် အပြီးတင်သွင်းရမည်

အိန္ဒိယနိုင်ငံက မတ်ပဲတန်ချိန် နှစ်သိန်းခွဲ ထပ်မံတိုးမြှင့်တင်သွင်းခွင့်ပြုခဲ့ပြီး အဆိုပါတန်ချိန်ကို ၂၀၂၀ ခုနှစ် မတ်လကုန်အထိ အပြီးတင်သွင်းရမည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာန (DGFT) က ထုတ်ပြန်ထားသည်။ "ဘတ်ဂျက်နှစ် ကျန်တာတော့ ဒီ ၃ လပဲ ကျန်တာ ၊ သူက ၂၀၁၉-၂၀ ဘတ်ဂျက်နှစ်လို့ သတ်မှတ်ထားတာ။ ဖြစ်နိုင်ရင် ဧပြီ၊ မေလ လောက်အထိ ဒီတန်ချိန် ၂ သိန်းခွဲ သတ်မှတ်ထားရင်တော့ ဒီဘက်က တင်ပို့တဲ့အား ပိုကောင်းမှာပေါ့။ အခုကတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် ဆိုတော့ ပြည်တွင်းမှာ ပဲလက်ကျန်က ၁ သိန်းလောက်ပဲ ကျန်မယ်မှန်းတယ်။ နောက်ထပ်ပေါ်လာမယ့် ပဲကို နောက်ထပ် တန်ချိန် ၁ သိန်းခွဲက မတ်လထဲမှာတင်ပို့လို့ မပြီးနိုင်လောက်ဘူး။ ဒီ ၃ လအပြင်ကို နောက်ထပ် ၁ လလောက် ထပ်ပြီးတိုးမယ်ဆိုရင်တော့ တင်ပို့လို့ အားပိုကောင်းတာပေါ့" ဟု ဦးမင်းကိုဦးကပြောသည်။

ထိုသို့ တိုးမြှင့်တင်သွင်းခွင့်ပြုမည့် မတ်ပဲတန်ချိန် ၂ သိန်းခွဲအား ပြည်တွင်းရှိ ပဲခွဲစက်နှင့်ပဲသန့်စင်မှုလုပ်ငန်း လုပ်ကိုင်သူများသို့ တင်သွင်းခွင့် ကိုတာများ ခွဲဝေချထားပေးမည် ဖြစ်ကြောင်း ၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်မှ ၃၁ ရက်အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများ တင်သွင်းနိုင်ပြီး တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများသည် လာမည့် ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းသို့အရောက် တင်သွင်းရမည်ဖြစ်ကြောင်းသိရသည်။ "ဒီနှစ်က သူတို့ဆီမှာ မိုးများတာရယ်၊ ရေကြီးတာတွေရယ်ကြောင့် အထိုက်အလျောက် ပျက်စီးတာတွေ များတယ်။ အဲ့တော့ မတ်ပဲထွက်ရှိမှုမှာ လျော့ကျခဲ့တယ်။ လက်ရှိကတော့ အိန္ဒိယဘက်က မတ်ပဲလိုအပ်ချက်ရှိလို့ နောက်ထပ် ကိုတာ ၂ သိန်းခွဲ တိုးပေးတာပေါ့။ ဒါပေမယ့် မြန်မာနိုင်ငံအတွက် ကြည့်ရင်တော့ အကျိုးရှိပါတယ်။ ဒီ ၂၀၂၀ မတ်ပဲအသစ်ပေါ်လာမယ့် မတ်လလည်း ပါလာတဲ့အခါကျတော့ ဘာပဲဖြစ်ဖြစ် တောင်သူတွေ အထိုက်အလျောက် ဈေးကောင်းရမယ့်နှစ်လို့ သုံးသပ်ပါတယ်"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတင်သွင်းခွင့် ခွဲတမ်းတန်ချိန် ၄ သိန်း ရှိလာမည်ဖြစ်ပြီး အဆိုပါကန့်သတ်ချက်သည် အိန္ဒိယအစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://web.facebook.com/…/a.1555158251791…/571553086908753/

**The Fifth Wave News**

## မြန်မာ့လက်ဖက်ခြောက်ကို အမေရိကန်နိုင်ငံကို စတင်တင်ပို့

မြန်မာနိုင်ငံကထုတ်လုပ်တဲ့ နာရာထောက ရွှေလှော်သင်းလက်ဖက်ခြောက်ကို အမေရိကန်နိုင်ငံမှာရှိတဲ့ လက်လီအရောင်းဆိုင်ပေါင်း ၁၅၀ ကျော်ဆီ စတင်တင်ပို့နေတယ်လို့ Nara Tea လက်ဖက်လုပ်ငန်းက သိရပါ တယ်။ အမေရိကန်နိုင်ငံကို ရွှေလှော်သင်းလက်ဖက်ခြောက် တင်ပို့နေမှုက နိုဝင်ဘာလ ကုန်မှ စတင် တင်ပို့ခဲ့တာဖြစ်ပြီး တစ်လကို ပက်ကင် အ ထုပ်ပေါင်း ၃၀၀ တင်ပို့နေတယ်လို့ Nara Tea လက်ဖက် လုပ်ငန်း မှ မန်နေးဂျင်းဒါရိုက်တာကို ကျော်သီဟကပြောပါတယ်။ သူက "ဒီလက်ဖက်ခြောက် တင်ပို့နိုင်ဖို့ နှစ်နှစ်လောက် ကြိုး စားခဲ့ရတယ်၊ လက်ဖက်ခြောက်နမူနာပို့ခဲ့တဲ့အပြင် လက်ဖက်ခြောက်နဲ့ပတ်သက်တဲ့ အချက်အလက်တွေပါ ပို့ပေးခဲ့တယ်၊ အဲဒီလို စမ်းသပ်ထိုးဖောက်ခဲ့ရတယ်၊ အခုအမေရိကန်ဈေးကွက်မှာ လက်ခံနိုင်ပြီဖြစ်တဲ့အတွက် ပုံမှန်စတင်တင်ပို့နေပါပြီ" လို့ ပြောပါတယ်။

လက်ရှိ အမေရိကန်ဈေးကွက်မှာ ရွှေလှော်သင်းလက်ဖက်ခြောက်ကို အမေရိကန်နိုင်ငံက မြန်မာလူမျိုး တွေရောင်းချတဲ့ လက်လီဆိုင်နဲ့ မြန်မာလူမျိုးတွေ ဝယ်ယူလေ့ရှိတဲ့ လက်လီဆိုင်တွေဆီ တင်ပို့နေတာဖြစ်ပါတယ်။ လက်လီဆိုင်တွေနဲ့ အမေရိကန်ရောက် မြန်မာတွေကတစ်ဆင့် မြန်မာ့လက်ဖက်ခြောက်ကို အမေရိကန်တွေထံ မိတ်ဆက်ပြီး ဈေး ကွက်ပိုမို ကျယ်ပြန့်ရောင်း ချနိုင်ဖို့ မျှော်မှန်းထားတယ်လို့သိရတယ်။ နာရာ Nara Green Teaရဲ့ ရွှေလှော်သင်းလက်ဖက်ခြောက်ဟာ ဒေသဖွံ့ဖြိုးရေးနဲ့ ဘိန်းအစားထိုးလုပ်ငန်းတွေက ထုတ်လုပ်တာဖြစ်ပါတယ်။ Nara Green Tea ရဲ့ ရွှေလှော်သင်း လက်ဖက်ခြောက်ကို onloneက တစ်ဆင့်ဝယ်ယူနိုင်ပြီး၊ ကမ္ဘာတစ်ဝန်းမှ ၁၂၀ ဂရမ်ကို အမေရိကန်ဒေါ်လာ ၄.၄၉ ဒေါ်လာ၊ ထိုင်းဘတ် ၁၃၇.၅၄ ဘတ်ဖြင့် ဝယ်ယူနိုင်ပြီလို့လည်း သိရပါတယ်။

**Source:** https://www.kumudranews.com/news-36556

**kumudranews**

## ဗီယက်နမ်ကားကုမ္ပဏီ Thaco က မြန်မာနဲ့ထိုင်းသို့ ကားစီးရေ ၁၀၀၀ ကျော် တင်ပို့ဖို့စီစဉ်နေ

ဗီယက်နမ်ကားကုမ္ပဏီ Truong Hai Auto Corporation (Thaco) က လာမယ့် ၂၀၂၀ မှာ မြန်မာနဲ့ ထိုင်းနိုင်ငံတို့ဆီ ကားစီးရေ ၁,၀၂၆ စီး တင်ပို့ရောင်းချသွားမှာဖြစ်တယ်လို့ ထုတ်ပြန်လိုက်ပါတယ်။ Thaco ကတော့ မော်တော်ကားတပ်ဆင်ပစ္စည်းတွေနဲ့ ယာဉ်အပိုပစ္စည်းတွေ တင်ပို့မှုကနေ ကန်ဒေါ်လာ ၂၀ သန်းအထိ ရရှိနိုင်ဖို့လည်း မျှော်လင့်နေလျက်ရှိပါတယ်။ ယင်းပမာဏကတော့ ၂၀၁၉ ခုနှစ်က ဒေါ်လာ ၆ ဒသမ ၇ သန်းထက် ပိုများတဲ့ ပမာဏလည်းဖြစ်ပါတယ်။ ယခုနှစ်မှာလည်း Thaco အနေနဲ့ မြန်မာဈေးကွက်ဆီ ခရီးသည်တင်ကားစီးရေ ၁၂၀ တင်ပို့ခဲ့သေးတယ်လို့ သိရပါတယ်။

Thaco နဲ့ တောင်ကိုရီးယားရဲ့ Kia Motors Corporation တို့အကြား မဟာဗျူဟာကျပူးပေါင်းမှုအရ အရှေ့တောင်အာရှဒေသကို မော်တော်ကားနဲ့ ကားအစိတ်အပိုင်းပစ္စည်းတွေ တင်ပို့ဖို့အတွက်အလို့ငှာ Thaco အနေနဲ့ အရှေ့တောင်အာရှမှာ ကိုရီးယား ကော်ပိုရေးရှင်းရဲ့ ကားထုတ်လုပ်၊ တင်ဆင်မှုဆိုင်ရာ ဗဟိုဌာနတစ်ခု ဖြစ်လာလျက်ရှိတယ်။

**Source:** https://en.vietnamplus.vn/car-maker-thaco-to-shi…/166215.vnp

SFJ Strategy First Journal

## ဥရောပရင်းနှီးမြှုပ်နှံသူများအတွက် တရုတ်၏ ကမ်းလှမ်းချက်ကို အီးယူသုံးသပ်မည်

အီးယူ-တရုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူညီချက်(Eu-China Comprehensive Agreement on Investment) ၏ ၂၅ ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးမှု များကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျင်းပခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲတွင် နှစ်ဘက်စလုံး၏ ဒုတိယအကြိမ် အပြန်အလှန်ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ ကမ်းလှမ်းမှုများကို ဆွေးနွေးခဲ့ကြကြောင်းနှင့် ဥရောပကော်မရှင်အနေဖြင့် တရုတ်နိုင်ငံ၏ ကမ်းလှမ်းချက်များသည် အီးယူ၏ သီးခြားတောင်းဆိုမှုများအား ထင်ဟပ်နိုင်မည့်အတိုင်းအတာနှင့် ရည်ရွယ်ချက်တို့အပေါ် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အီးယူအတွက် တရုတ်

နိုင်ငံ၏ ဈေးကွက်ဖွင့်လှစ်ပေးမှုအခြေအနေကို ပြန်လည်ချိန်ညှိမှုများပြုလုပ်ပေးရန် အီးယူဘက်မှ သီးခြားတောင်းဆိုမှုများ ပြုလုပ်ထားကြောင်း၊ အထူးသဖြင့် အီးယူသည် အဓိကကဏ္ဍများဖြစ်သည့် တယ်လီဖုန်းဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ကျန်းမာရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်မှုစသည့် ကဏ္ဍများတွင် တရုတ်နိုင်ငံမှ ဈေးကွက်ဖွင့်လှစ်ပေးမှုကို လိုလားလျက်ရှိနေကြောင်းလည်း သိရှိရပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်သည် အီးယူအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်စေရုံသာမက တရုတ်နိုင်ငံ ဈေးကွက်အတွင်း အီးယူကုမ္ပဏီများ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်အချိန်တွင် ၎င်းတို့အတွက် စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်စေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥရောပကုမ္ပဏီလုပ်ငန်းများ တရုတ်နိုင်ငံတွင် တန်းတူညီမျှတသော ယှဉ်ပြိုင်မှု (level playing field)ဖြင့် ယှဉ်ပြိုင်နိုင်စေရန်အတွက် သေချာမှုရှိစေရေးကတိကဝတ်များကို အီးယူအနေဖြင့် တရုတ်နိုင်ငံထံမှ မျှော်လင့်ထားခြင်းဖြစ်ကြောင်း၊ ယင်းတွင် အတင်းအကျပ် နည်းပညာလွှဲပြောင်းစေမှု ရှောင်ရှားရေး၊ ခွဲခြားဆက်ဆံမှုရှိသော လုပ်ထုံးလုပ်နည်းများ ဖယ်ရှားရေး၊ နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် တန်းတူညီမျှသော ယှဉ်ပြိုင်မှုဖြင့် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ စဉ်းစားဆောင်ရွက်ချက်များအပေါ်တွင် အခြေခံ၍ ဆောင်ရွက်မှု ရှိစေရေး၊ တရုတ်နိုင်ငံကုမ္ပဏီများအတွက် အထောက်အပံ့များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာရှိမှုအပိုင်းတွင် တိုးတက်စေရေး စသည့်အချက်များပါဝင်ကြောင်း သိရှိရပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်အတွက် နောက်တစ်ကြိမ် ဆွေးနွေးပွဲကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယလဝက်တွင် ဘရပ်ဆဲလ်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ ၁၉.၁၂.၂၀၁၉ နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းအရသိရှိရပါသည်။

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း အစိုးရဆန့်ကျင် ဆန္ဒပြမှုများကြောင့် Cathay Pacific လေကြောင်းလိုင်းဖြင့် ဟောင်ကောင်သို့လာရောက်သည့် ခရီးသည် ၄၆ ရာခိုင်နှုန်းကျဆင်း

လေကြောင်းလိုင်းမှ (၄) လတစ်ကြိမ် တင်ပြသည့် အစီရင်ခံစာတွင် ဟောင်ကောင်သို့ လာရောက်ရန် လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူမှုများ သိသိသာသာ လျော့ကျလျက် ရှိကြောင်း၊ ဟောင်ကောင်သို့လာရောက်သည့် ခရီးသည်အရေအတွက်မှာ ကျဆင်းလျက် ရှိကြောင်း၊ သို့သော်ဟောင်ကောင်မှတစ်ဆင့် ဖြတ်သန်းသွားလာမည့် ခရီးသည်များ အရေအတွက် တိုးပွားလာမှုကြောင့် စီးပွားရေးကျဆင်းမှု လျော့နည်းခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာလအတွင်း အစိုးရဆန့်ကျင် ဆန္ဒပြမှုများကြောင့် ဟောင်ကောင်သို့ Cathay Pacific လေကြောင်းလိုင်းဖြင့် လာရောက်သူအရေအတွက် လျော့ကျခဲ့ကြောင်း၊ သို့ဖြစ်၍ လေကြောင်းလိုင်း၏ (၄) လ တစ်ကြိမ် အစီရင်ခံစာတွင် ခရီးသည်အရေအတွက် ၂.၆၂ မီလီယံ၊ ရာခိုင်နှုန်းအားဖြင့် (၉) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ လေကြောင်းလိုင်းအတွက် ၂၀၁၉ ခုနှစ်အတွင်း စိုးရိမ်ဖွယ်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်နေကြောင်း၊ ခရီးသွားများသည် ဟောင်ကောင်လေဆိပ်အား ရှောင်ရှားသွားသောကြောင့် နိုဝင်ဘာလအတွင်း ဟောင်ကောင် လေဆိပ်၌ ခရီးသည် ၁ မီလီယံ နီးပါးလျော့ကျလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်နှင့် ကာလတူနှိုင်းယှဉ်လျှင် ၁၆.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ ကြောင်း၊ တရုတ်ပြည်မကြီးနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ခရီးသွားများ ဝင်ထွက်သွားလာမှုများ သိသိသာသာ လျော့ကျလာပါကြောင်း၊ Cathay Pacific လေကြောင်းလိုင်း၏ ဟောင်ကောင်သို့ လာရောက်သည့် ခရီးသည် အရေအတွက်မှာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ၃၈ ရာခိုင်နှုန်း၊ အောက်တိုဘာလ အတွင်းက ၃၅ ရာခိုင်နှုန်းနှင့် နိုဝင်ဘာလအတွင်းတွင် ၄၆ ရာခိုင်နှုန်း အသီးသီးလျော့ကျခဲ့ကြောင်း၊ အဆိုပါ ကာလများအတွင်း ခရီးသည်အရေအတွက်၏ ထက်ဝက်ခန့်မှာ ဟောင်ကောင်မှတစ်ဆင့် ဖြတ်သန်းသွားလာသည့် ခရီးသည်များဖြစ်သောကြောင့်သာ လေကြောင်းလိုင်းအတွက် ဆက်လက်လည်ပတ်နေနိုင်ခြင်းဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် South China Morning Post ၌ Danny Lee က ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

# STOCK EXCHANGE (27.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 27th Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,768 | 20,332,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 406 | 1,563,100 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 12 | 98,400 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 1,317 | 29,632,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 167 | 484,300 | 12,823,224 | 37,187 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 467.22 | -0.47 | -0.10% | 467.22 | 467.22 | 467.22 | 3,670 | 52,110,300 | 5 | 639,770 |

### Index chart




## Market Overview

As of 1:00 pm, 27th Dec. 2019

| MYANPIX | 467.22 ▼ 0.47 |
|---|---|
| Total Volume (shares) | 3,670 |
| Total Value (MMK) | 52 mil |
| Listed Company | 5 |
| Market Cap. (MMK) | 639,770 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |